နောက်ဆက်တွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

၀၀၅၈
၅.၁.၂၀၂၄
4:40

စာအမှတ်၊ ၄၉ ၅၃-၂/ ၂၀၂၃ ( ၂၁၀၈ )
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

သို့

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ **ပညာသင်ဆု လျှောက်ထားနိုင်ပါကြောင်း ပေးပို့လာခြင်းကိစ္စ**

၁။ အင်ဒိုနီးရှားနိုင်ငံ၊ အလယ်ဂျာဗားဒေသရှိ ပုဂ္ဂလိက တက္ကသိုလ်ဖြစ်သော Universitas Muhamadiyah Purwokerto (UMP) မှ ပေးအပ်သော ပါမောက္ခချုပ် ပညာသင်ဆု (Rector Scholarship) အစီအစဉ်သို့ မြန်မာနိုင်ငံမှ ကျောင်းသား/သူများ ပါဝင်လျှောက်ထားရန် Universitas Muhamadiyah Purwokerto (UMP)က မြန်မာသံရုံး၊ ဂျကာတာမြို့မှတစ်ဆင့် ပေးပို့လာပါသည်။

၂။ အဆိုပါစာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ပါသည်-

(က) Universitas Muhamadiyah Purwokerto (UMP) သည် အင်ဒိုနီးရှားနိုင်ငံတွင် ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားသော ပုဂ္ဂလိက တက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် အင်ဒိုနီးရှားနိုင်ငံ၊ အဆင့်မြင့်ပညာရေးဆိုင်ရာ အမျိုးသားအဆင့် သတ်မှတ်ရေးအဖွဲ့၏ အကောင်းဆုံးအဆင့် သတ်မှတ်ချက်ကို ရရှိခဲ့ပါကြောင်း။

(ခ) အဆိုပါတက္ကသိုလ်တွင် ဘွဲ့လွန်ဘာ သာရပ်(၆)ခုနှင့် ဘွဲ့ကြိုဘာသာရပ်(၅၂)ခုကို သင်ကြားပေးလျက်ရှိပြီး လက်ရှိတွင် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချနေသော ဘွဲ့လွန်/ဘွဲ့ကြို သင်တန်း(၆)ခုမှာ စီမံခန့်ခွဲရေးရာ မဟာဘွဲ့ (Master of Management) ၊ အင်္ဂလိပ်စာသင်ကြားရေးမဟာဘွဲ့ (Master of English Education) နှင့် ဘွဲ့ကြိုသင်တန်းများဖြစ်သော အင်္ဂလိပ်စာပေ (English Literature) ၊ အင်္ဂလိပ်စာသင်ကြားရေး (English Education)၊ စီမံခန့်ခွဲမှုဘာသာရပ် (Management) နှင့် စာရင်းကိုင်ဘာသာရပ် (Accounting) တို့ဖြစ်ပါကြောင်း။

နောက်ဆက်တွဲ(က)

(ဂ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ဆု လျှောက်ထားရန် စိတ်ပါဝင်စားသော နိုင်ငံတကာ ကျောင်းသား/သူများသည် ၃၁-၁-၂၀၂၄ ရက်နေ့နောက်ဆုံးထား၍ http://admission.ump.ac.id/ တွင် ဝင်ရောက်လျှောက်ထားခြင်း သို့မဟုတ် iao@.ump.ac.id သို့ အီးမေးလ် ပေးပို့လျှောက်ထားခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း။

(ဃ) ပညာသင်ဆုနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုပါက ယင်းတက္ကသိုလ်၏ အီးမေးလ်လိပ်စာ iao@.ump.ac.id နှင့် ဖုန်းနံပါတ် +၆၂ ၈၁၃၉၀၄၀၉၆၆၉၂ နှင့် +၆၂ ၂၈၁၆၃၆၇၅၁ (လိုင်းခွဲ - ၁၂၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း။

၃။ သို့ဖြစ်ပါ၍ သိရှိနိုင်ပါရန်နှင့် လိုအပ်သကဲ့သို့ ဆက်လက်ဆောင်ရွက်နိုင်ပါရန် Universitas Muhamadiyah Purwokerto (UMP) ပညာသင်ဆုဆိုင်ရာကြော်ငြာစာအား ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

စုစုပေါင်း ( ၅ )ရွက်

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သိန်းမင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

Dear Embassy,

Greetings from International Affairs Office, Universitas Muhammadiyah Purwokerto, Indonesia. I hope this email finds you well.

Universitas Muhamadiyah Purwokerto (UMP) is a leading private university located in Central Java, Indonesia. Our university has become one of the reputable universities in Indonesia. Recently, UMP received an "Excellent" status from the National Accreditation Board of Higher Education of Indonesia in August 2023. This accreditation status indicates UMP's excellent quality and management of the university.

UMP has 58 departments comprising of 6 master programs and 52 bachelor programs.

UMP have also opened international class for the following departments:

1. Master of Management;

2. Master of English Education;

3. Bachelor of English Education;

4. Bachelor of English Literature;

5. Bachelor of Accounting; and,

6. Bachelor of Management.

In achieving our vision to be the World-Class University, we have been in a number of agreements with both national and international institutions, which enable the university to expand its development for the sake of better quality education.

Hence, we offer an opportunity for international students to study at UMP through the scheme of Rector Scholarship Academic Year 2024/2025. The program allows the candidate of students to study in the International Class Programs in which the courses are taught in English, as well as the Regular Programs in which the courses are delivered in the Indonesian language.

For further details about the program and the university's profile, please refer to the following attachment.

[UMP] Prospectus 2024.pdf
It would be our pleasure if this information could be circulated to those wanting to study in Indonesia.

Please do not hesitate to ask us if you have further questions.

We hope that we will receive future interest from the students. We will be glad to have them at our university.

Looking forward to hearing from you.

Best regards,

===================

**Condro Nur Alim, PhD**
Director of International Affairs Office

Universitas Muhammadiyah Purwokerto, Indonesia
e-mail : iao@ump.ac.id
website : international.ump.ac.id
Phone : +62 281 636751 EXT. 122

*#engagingtheglobalcommunity*

နောက်ဆက်တွဲ(က) ပြုအဆ

MUHAMMADIYAH PURWOKERTO

4/5



(/)


UMP
APPLY NOW
RECTOR
SCHOLARSHIP
UNIVERSITAS MUHAMMADIYAH PURWOKERTO
Universitas Muhammadiyah Purwokerto (UMP) is a fast growing private university in Central Java, Indonesia. We are seeking best candidates of students from all over the world to study at UMP under the sceme of Rector Scholarship in academic year 2024-2025
@kui_ump
@ump.ac.id
ump tv
ump.ac.id / kui.ump.ac.id

Welcome (/)

(0281) 636751, 630463, 634424 (Ext. 122)

# Rector Scholarship (/index.php/international-programs/rector-scholarship/flyer-of-rector-scholarship)

Universitas Muhammadiyah Purwokerto offer an opportunity for international students to study at UMP through the scheme of Rector Scholarship 2024/2025. The program allows the candidate of students to study in the International Class Programs in which the courses are taught in English and Regular Programs in which the courses are delivered in Indonesian language.


## How to Apply

1. A candidate of student must apply for the program at UMP through the following link | **REGISTER** (https://admission.ump.ac.id/login.php)
2. A candidate of student must apply for the scholarship at the same website as mentioned above

## Important Dates

| | |
|---|---|
| Registration Deadline | : **January 30, 2024** |
| Announcement | : Tentative |
| Visa Application | : Tentative |

(/)




Download the Medical Checklist here (https://drive.google.com/open?id=1eztg_B_Wf67S0priZ3LAhzNLCXtzrGFA)




International Affairs Office UMP
Jl. Raya Dukuh Waluh
Purwokerto 53182
Kembaran Banyumas
Phone:(0281)636751,630463,634424 (Ext) 122
E-mail: iao@ump.ac.id
Fax:(0281)637239

© Copyright 2024 Bureau of Partnership and International Affairs by **BTIK (Http://Btik.Ump.Ac.Id)**

2

5/5



# APPLICATION OPENS

- Application Deadline: 31 January 2024
- Interview: 14 February 2024 (tentative)
- Results: to be informed
- Visa Application: March-April 2024
- Expected Arrival: 8 May 2024

# OFFERED PROGRAMS IN ENGLISH

1. Master of Management
2. Master of English Education
3. Bachelor of English Literature
4. Bachelor of English Education
5. Bachelor of Management
6. Bachelor of Accounting

# HOW TO APPLY?


Please visit our website at

http://admission.ump.ac.id/

or contact our officer via e-mail at

iao@ump.ac.id

Whatsapp Center
+62819-0409-6692



# ELIGIBILITY

- Non-Indonesian citizen
- Not older than 25 for bachelor and 35 for master program
- Having finished secondary school/bachelor
- Being able to speak Indonesian Language (for Non-English Taught Departments)
- Having academic and non-academic achievement
- Having good attitude & good command in English
- Willing to obey rules and norms at the university

# SCHOLARSHIP COVERAGE

**Fully Funded**

- Free tuition fee (4-8 semester)
- Monthly stipend up to IDR 2 Million/Month*
- Book allowance up to IDR 1.5 Million/Semester*
- Research allowance up to IDR 5 Million/Study Period
- Health Insurance at UMP Clinic for minor illness (max coverage of IDR 5 Million/year)
- 5 month free Indonesian Language Course (starting in April 2024)

**Partially Funded**

- Free tuition fee (4-8 semester)
- Health Insurance at UMP Clinic for minor illness (max coverage of IDR 5 Million/year)
- 5 month free Indonesian Language Course (starting in April 2024)
- Indonesian Language Course (compulsory) from May to August 2024 (Free Program Fee, Student Dormitory, Monthly Stipend of IDR 1.000.000/ month)

* the awardee of the fully funded scholarship will receive the stipend when the academic calendar starts (September 2024)

# REQUIRED DOCUMENTS

- Scan a Passport (valid at least 24 months)
- Photograph with red Background (formal)
- Health Certificate (Medical Check Up from Hospital)
- Latest academic transcript in English
- Curriculum vitae
- Letter of Motivation & finishing study commitment
- English Proficiency Test certificate (TOEFL/IELTS/TOEIC)
- Indonesian Language Certificate (mandatory) for applicant of non-international class program
- Recommendation letter from the nearest Indonesian embassy in home country

MOFA | MMRS v.2 Printed by Ministry of Foreign Affairs 21/12/2023 10:38:02

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဥပဒေရေးရာဝန်ကြီးဌာန**

**ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန**

စာအမှတ်၊ ၄ (၃) / ၂ - ၁ ( ၀၇၀ )

ရက် စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

အကြောင်းအရာ။ **ပညာသင်ဆုများလျှောက်ထားနိုင်ကြောင်း အကြောင်းကြားခြင်း**

ရည် ညွှန်း ချက် ။ နိုင်ငံခြားပညာသင်စိစစ်ရွေးချယ်စေလွှတ်ရေးလုပ်ငန်းကော်မတီ၏ ၁၀-၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၄၀၀/၂-က/၂၀၂၄(၄)(အင်ဒိုနီးရှား)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၈ - ၁ - ၂၀၂၄ ရက်စွဲပါ စာအမှတ် - ၁၁/၃ /၁၁ (၀၁၃၀/ ၂၀၂၄) (၄) (ရိုးရိုး)ကို ရည်ညွှန်းလျက် အရည်အချင်း ပြည့်မီသော လုပ်ငန်းတာဝန်နှင့် ကိုက်ညီသည့် ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် Website နှင့် ဆက်သွယ်၍ ယှဉ်ပြိုင်လျှောက်ထားနိုင်ကြောင်း နိုင်ငံခြားပညာသင် စိစစ်ရွေးချယ်စေလွှတ်ရေး လုပ်ငန်းကော်မတီမှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားသည့်ကိစ္စ ဖြစ်ပါသည်။

၂။ နိုင်ငံခြားပညာသင်စိစစ်ရွေးချယ်စေလွှတ်ရေးလုပ်ငန်းကော်မတီက ရည်ညွှန်းသည့် သင်တန်း ဘာသာရပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

| **အမှတ်စဉ်** | **သင်တန်းဘာသာရပ်** |
| --- | --- |
| ၄ | Rector Schlorship: International Class Programs |
| (၁) | (1) Master of Management |
| ရိုးရိုး | (2) Master of English Education |
| | (3) Bachelor of English Education |
| | (4) Bachelor of English Literature |
| | (5) Bachelor of Accounting |
| | (6) Bachelor of Management |

၃။ အဆိုပါသင်တန်းအတွက် လျှောက်ထားသူသည် မဟာဘွဲ့အတွက်ဖြစ်ပါက အသက် ၃၅ နှစ် အောက်၊ ဘွဲ့ကြိုလျှောက်ထားသူဖြစ်ပါက အသက် ၂၅ နှစ်အောက် ဖြစ်ရပါမည်။ အင်္ဂလိပ်စာ အရည်အသွေးကျွမ်းကျင်မှုရှိရမည်ဖြစ်ပြီး အင်ဒိုနီးရှား ဘာသာစကား ၅ လ အခမဲ့သင်ကြားပေးမည် ဖြစ်ပါသည်။၂၀၂၄ ခုနှစ်၊ မတ်လမှ ဧပြီလအတွင်း ဗီဇာလျှောက်ထားရမည်ဖြစ်ပြီး ၈-၅-၂၀၂၄ ရက်နေ့တွင် Universitas Muhamadiyah Purwokerto (UMP) တက္ကသိုလ်၌ သွားရောက်ပညာသင် ကြားရမည်ဖြစ်ပါသည်။ Fully Funded အနေဖြင့် လစဉ်ထောက်ပံ့ကြေးအဖြစ် ၁ လလျှင်

အင်ဒိုနီးရှားငွေ ၂ သန်း၊ စာအုပ်ဖိုး - အင်ဒိုနီးရှားငွေ ၁.၅ သန်း၊ သုတေသနထောက်ပံ့ကြေး အင်ဒိုနီးရှားငွေ ၅ သန်းနှင့် ကျန်းမာရေးအာမခံကြေးများ၊ Portially Funded အနေဖြင့် လစဉ်ထောက်ပံ့ကြေးအဖြစ် ၁ လလျှင် အင်ဒိုနီးရှားငွေ ၁ သန်းနှင့် ကျန်းမာရေးထောက်ပံ့ကြေးများ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ လျှောက်ထားလိုသူများ အနေဖြင့် **၃၁-၁-၂၀၂၄** ရက်နေ့ နောက်ဆုံးထား၍ https:// admission.ump.ac.id/ သို့ ကိုယ်တိုင်လျှောက်ထားရမည် ဖြစ်ပါသည်။ ပညာသင်ဆုနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက email- iao@ump.ac.id ၊ website- international.ump. ac.id တို့တွင် လေ့လာနိုင်ပါသည်။

၄။ ပညာသင်ဆုအားလျှောက်ထားရန် စိတ်ဝင်စားသူများအနေဖြင့် လျှောက်ထားပြီးပါက ၂ - ၂ - ၂၀၂၄ ရက်နေ့နောက်ဆုံးထား၍ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေး ဦးစီးဌာန၊ လေ့ကျင့်သင်ကြားရေးဌာနခွဲသို့ Application Form မိတ္တူ(၃)စုံအား ဓါတ်ပုံကပ်၍ မပျက်မကွက်ပေးပို့ကြရမည် ဖြစ်ပါသည်။

၅။ ဤရုံး၏ website www.mola.gov.mm ပညာသင်ဆုခေါင်းစဉ်အောက်မှ အထက်ပါ ပညာသင်ဆုနှင့်စပ်လျဉ်းသည့် အချက်အလက်များအား ကြည့်ရှုနိုင်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

၂၄၊၁၊၂၄

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(သီသီရွှေ၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

**ဖြန့်ဝေခြင်း**

ညွှန်ကြားရေးမှူးချုပ်များအားလုံး — မိမိဌာနရှိအရာထမ်းများအား ဆက်လက်အသိပေးနိုင်ပါရန်။ (စာစဉ်ပူးတွဲလျက်)

တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများအားလုံး — သက်ဆိုင်ရာ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအားဆက်လက်အသိပေးပါရန်။ (စာစဉ်ပူးတွဲလျက်)

မိတ္တူကို

- ညွှန်ကြားရေးမှူး
  သတင်းအချက်အလက်နည်းပညာဌာနခွဲ — ပညာသင်ဆုအား ဥပဒေရေးရာဝန်ကြီးဌာန Mola Website တွင် လွှင့်တင်ဆောင်ရွက်ပေးပါရန်။
- ရုံးလက်ခံ/မျှောစာတွဲ